
# ၂၀၂၂ ခုနှစ် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စစ်တမ်း ရလဒ်များ

The Border Consortium


ထိုင်း-မြန်မာနယ်စပ်ရှိ စခန်းများအားလုံးတွင် စံနှုန်းကျ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာဆိုင်ရာ စစ်တမ်းကို မွေးကင်းစမှ အသက် ၅၉ လရှိ ကလေးများအားလုံးအတွက် နှစ်နှစ်တစ်ကြိမ် CCSDPT ကျန်းမာရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စစ်တမ်းများကို မေလ- နိုဝင်ဘာ ၂၀၂၂ အတွင်း ပြီးစီးခဲ့သည်။

## လတ်တလော အာဟာရ ချို့တဲ့ခြင်း (ပိန်လှီခြင်း) - အရပ်ထက်စာလျှင် ကိုယ်အလေးချိန်နည်းနေခြင်း

နယ်စပ်တလျှောက်ရှိ အသက်၅-နှစ်အောက် ကလေးများတွင် လတ်တလောအာဟာရချို့တဲ့မှုနှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံသတ်မှတ်ချက် (၂၀၁၈) အရ "နည်းပါသည်" ဟူသောအဆင့် တွေ့ရှိရသည်။




မွေးကင်းစမှသည် အသက် ၅၉ လအောက် ကလေးများတွင် လတ်တလောအာဟာရချို့တဲ့မှု ရာခိုင်နှုန်း (GAM, %) ၂၀၁၁- ၂၀၂၂




မွေးကင်းစမှသည် အသက် ၅၉ လအောက် ကလေးများတွင် လတ်တလော အာဟာရချို့တဲ့မှု ရာခိုင်နှုန်း (GAM, %) ၂၀၂၂








## ကာလကြာရှည် အာဟာရချို့တဲ့မှု (အရပ်ပုခြင်း) - အသက်နှင့်စာလျှင် အရပ်နိမ့်နေခြင်း

အရပ်ပုခြင်းသည် ဘဝအစောပိုင်းတွင် ဖြစ်ပေါ်နေသောလုပ်ငန်းစဉ်ကို ဖော်ပြနေသည့် အဓိကကျသည့် အမှတ်အသားတခု ဖြစ်သည်။ အရပ်ပုခြင်း၏ နောက်ဆက်တွဲအကျိုးရလဒ်အနေဖြင့် ဖွံ့ဖြိုးမှုနေးကွေးခြင်း နှင့် အခြားဆိုးကျိုးရလဒ်များကို ဆက်လက်ဖြစ်ပေါ်စေသည်။ အရပ်ပုခြင်းသည် အသက်ရှင်သန်မှု၊ ကလေးဘဝနှင့် လူကြီးဘဝကျန်းမာရေး၊ လေ့လာမှုစွမ်းရည်နှင့် အလုပ်လုပ်နိုင်စွမ်းကျဆင်းရန် အလားအလာများစေသည့် အကြောင်းအချက်ဖြစ်သည်။ အရပ်ပုခြင်းကိုဖြစ်စေသော အကြောင်းအချက်များတွင် မိခင်ကျန်းမာရေး၊ အာဟာရရရှိမှု မလုံလောက်ခြင်း၊ မွေးကင်းစနှင့်ကလေးငယ်ဘဝတွင် ကျွေးမွေးမှုအလေ့အကျင့်များ မှန်ကန်မှုတမှုမရှိခြင်းနှင့် ကူးစက်ရောဂါများ ပါဝင်သည်။


ကာလကြာရှည်အာဟာရချို့တဲ့မှု လျော့ချရာတွင်သိသာထင်ရှားစွာ တိုးတက်မှုရခဲ့သည်။ ၂၀၁၉-၂၀၂၂တွင် ၄.၃% လျော့ကျခဲ့သည်။ ၂၀၁၃ ခုနှစ်ကစ၍ ၁၉% လျော့ကျသွားသည်။ ၂၀၂၂ ခုနှစ် စစ်တမ်းအရ စခန်းတိုင်းတွင် အရပ်ပုခြင်း (ကာလကြာရှည် အာဟာရ ချို့တဲ့ခြင်း) လျော့ကျသွားသည်။





မွေးကင်းစမှ အသက် ၅၉ လအတွင်း ကလေးများတွင် ကာလကြာရှည် အာဟာရချို့တဲ့မှု ရာခိုင်နှုန်း (GCM, %) ၂၀၁၁-၂၀၂၂




စခန်းအလိုက် မွေးကင်းစမှ အသက် ၅၉ လအတွင်း ကလေးများတွင် ကာလကြာရှည်အာဟာရချို့တဲ့မှု ရာခိုင်နှုန်း (GCM,%) ၂၀၂၂








* ၂၀၂၂ ခုနှစ် အာဟာရ ရရှိမှုဆိုင်ရာစစ်တမ်းကောက်ယူမှုတွင် အသက် ၆ လအောက် ကလေးများ ပါဝင်သည်။ ယခင်ကမူ အသက် ၆-၅၉ လရှိ ကလေးများကိုသာ တိုင်းတာနိုင်ခဲ့သည်။ ယခု အကြိမ်သည် ပထမဦးဆုံး လက်မောင်းလုံးပတ် (MUAC) တိုင်းတာမှုဖြင့် ကလေး၏ပိန်လှီမှုကို သတ်မှတ်ဆုံးဖြတ်ပြီး (WHZ) ရမှတ်များကို ထည့်သွင်းခြင်း မပြုပါ။ ၆-လထက် ငယ်သော ကလေးများကို ထည့်သွင်းမထားဘဲ (WHZ) အစား (MUACs) ကို ပိန်လှီမှုအတွက် သတ်မှတ်တိုင်းတာရာ၊ ဖြစ်ပွားမှု ၃.၂% ရှိသည်။ ၂၀၁၉ ခုနှစ်နှင့်စာလျှင် စရင်းအင်းသဘောအရ ထင်ရှားမှု မရှိပါ။ (2019: 2.2%, CI 1.8%, 2.7% vs 2022: 3.2%, CI 2.6%, 3.9%).

# မွေးကင်းစမှသည် အသက် ၅ နှစ်အောက် ကလေးများတွင် လတ်တလောနှင့် ကာလကြာရှည် အာဟာရချို့တဲ့မှု ဖြစ်ပေါ်မှု ၂၀၁၁- ၂၀၂၂

## ဘန့်မဲနန်းဆွယ်

### လတ်တလော အာဟာရ ချို့တဲ့ခြင်း (ပိန်လှီခြင်း) - အရပ်ထက်စာလျှင် ကိုယ်အလေးချိန်နည်းနေခြင်း






### ကာလကြာရှည် အာဟာရ ချို့တဲ့မှု (အရပ်ပုခြင်း) - အသက်နှင့်စာလျှင် အရပ်နိမ့်နေခြင်း

